


# ကလိုင်ဟာ အပင်တွေကို စကားပြောတယ်

Ursula Nafula
Jesse Pietersen
Naw Thazin Hpway
2
မြန်မာဘာသာ my



သူဟာ ကလိုင်ဖြစ်ပါတယ်။ အသက်၇နှစ်ရှိပြီဖြစ်ပါတယ်။ သူ့နာမည်ဟာ “ကောင်းတဲ့သူ”လို့ သူ့ရဲ့ လူဘူကူဆူ ဘာသာစကားမှာ အဓိပ္ပါယ်ရပါတယ်။



ကလိုင်ဟာ နိုးလာပြီး လိမ္မော်သီးပင်ကို စကားပြော ပါတယ်။ "လိမ္မော်သီးပင်လေးရေ၊ ကျေးဇူးပုပြီး အမြန်ကြီးလာပြီး မှည့်တဲ့ လိမ္မော်သီးတွေ အများကြီး ပေးပါလား" လို့စကားပြောပါတယ်။



ကလိုင်ဟာ ကျောင်းကိုလမ်းလျှောက်သွားပါတယ်။ လမ်းမှာ သူဟာ မကြော်ပင်လေးတွေနဲ့ စကားပြောပါတယ်။ "မကြော်ပင်လေးရေ၊ ကျေးဇူးပြုပြီး ပိုမိုစိမ်းလန်းလာပြီး မြန်မြန်ကြီးထွားပါနော်" လို့ပြောပါတယ်။




ကလိုင်ဟာ ပန်းရိုင်းလေးတွေကိုဖြတ်သွားတယ်။ “ပန်းကလေးတွေရေ၊ ကျေးဇူးပြုပြီးပွင့်လန်းနေပေးပါ။ ဒါမှ ငါ့ခေါင်းပေါ်မှာ ပန်လို့ရမှာ” လို့စကားပြောပါတယ်။



ကျောင်းမှာတော့ ကလိုင်ဟာ ကျောင်းဝင်းအလယ်မှာ ရှိတဲ့ အပင်လေးကို စကားပြောပါတယ်။ “အပင်လေး ရေ၊ ကျေးဇူးပုပြီးအကိုင်းတွေ ဖဝြကျလာပေးပါ။ ဒါမှ အရိပ်မှာ စာဖတ်လို့ရမှာ” လို့ပြောပါတယ်။



ကလိုင်ဟာ ကျောင်းပတ်လည်မှာရှိတဲ့ ခြံကာမြက်တွေကိုလည်း စကားပြောပါတယ်။ “ကျေးဇူးပြုပြီး သန်မာစွာ ကြီးပြင်းလာပြီး လူဆိုးတွေ ဝင်လာတာကို တားဆီးပေးပါ” လို့ပြောပါတယ်။



ကလိုင်ဟာ ကျောင်းကနေ အိမ်ကိုပြန်ရောက်လာတဲ့အခါ သူ့ရဲ့ လိမ္မော်ပင်ဆီကို သွားလည်ပါတယ်။ “လိမ္မော်သီးတွေ မမှည့်သေးဘူးလား” လို့ ကလိုင်က မေးပါတယ်။



ကလိုင်ဟာသက်ပြင်းချပြီး“ဒီလိမ္မော်သီးတွေဟာ စိမ်းနေတုန်းဘဲ” လို့ပြောပါတယ်။ “မနက်ဖြန်ကျရင်တွင့်မယ်နော် လိမ္မော်ပင်လေး၊ အဲ့ဒီအချိန်ဆို ငါ့အတွက်လိမ္မော်သီးမှည့်လေးတွေရှိမှာပါ” လို့ ကလိုင်က ပြောလိုက်ပါတယ်။

# Global Storybooks

globalstorybooks.net

## ကလိုင်ဟာ အပင်တွေကို စကားပြောတယ်

Ursula Nafula
Jesse Pietersen
Naw Thazin Hpway

CC BY